“ဇန်နဝါရီလကတည်းက ရောက်နေတာ”

နိုင်ငံခြားမှာ သင်္ဘောသားအဖြစ် တစ်နှစ်တာခန့် သွားရောက်တာဝန်ထမ်းဆောင်နေတဲ့ သင်္ဘောသား ကိုမိုးကြီး ဟာ အမိမြန်မာပြည်ကို ပြန်လာတဲ့အခါ သူချစ်တဲ့ သူ့ရဲ့ဇနီး၊ (၇) နှစ်ခန့်ရှိတဲ့ သူ့ရဲ့သားငယ်လေးနဲ့ ဆွေမျိုးများဟာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ လာရောက်ကြိုဆိုသတဲ့။ ဆွေမျိုးများအလယ်မှာ ထူးထူးခြားခြားလှပနေတာကတော့ သူ့ရဲ့ရှုမငြီးတဲ့ ချစ်ဇနီးလေးပါဘဲ။ ဇနီးနဲ့ တစ်နှစ်ခန့် ခွဲခွာခဲ့ရလို့ တစ်ကြောင်း၊ ဇနီးဖြစ်သူကလဲ ဖွေးဥပြီးလှပနေတာကတစ်ကြောင်းမို့ ကိုမိုးကြီးဟာ စိတ်ထဲကနေပြီး “ဟင်း၊ နေနှင့်အုံးပေါ့ကွာ၊ အိမ်ရောက်မှ သိကြသေးတာပေါ့ကွာ၊ တစ်နှစ်စာကို ထောင်းပစ်လိုက်ဦးမယ် ” ဆိုပြီး ကြိမ်းဝါးထားသတဲ့။

အိမ်ရောက်တော့ ဆွေမျိုးတွေကလဲ ဝိုင်းဝန်းနှုတ်ဆက်ကြ၊ အတွေ့အကြုံတွေ မေးကြမြန်းကြနဲ့မို့ အတော်လေးကြာမှ အိမ်မှာလူစဲသွားတော့တယ်။ ဆွေမျိုးဉာတိများလဲ နှုတ်ဆက်ပြီး ပြန်ကြပြီမို့ ကိုမိုးကြီး လုပ်ငန်းစရန် ဟန်ပြင်တော့တယ်။ ဒါပေမယ့် ဖြစ်ချင်တော့ သူ့ရဲ့ (၇) နှစ်အရွယ် စကားအင်မတန်တတ်တဲ့ သားငယ်က ဒီကနေ့မှ အိမ်ကကို မခွာနိုင်အောင်ဖြစ်နေတော့သတဲ့။ ဒီတော့ ကျနော်တို့ရဲ့ ဇာတ်လိုက်ကျော် ကိုမိုးကြီးဟာ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ရတော့တာပေါ့။

သိတ်တော့မကြာလိုက်ဘူးခင်ဗျ။ ကိုမိုးကြီး အကြံကောင်းရသွားတယ်။ သားငယ်ကို မုန့်ဖိုးများများစားစား ပေးပြီး ဘောလုံးသွားကစားဖို့ ပြောလိုက်တယ်။ သားက ပိုက်ဆံရတော့ ဘာမှမပြောဘဲ စိတ်မပါ့တပါနဲ့ သွားကစားနေလိုက်သတဲ့။

ဒီတော့မှ ကိုမိုးကြီးလဲ စိတ်ချလက်ချနဲ့ သူ့မိန်းမကို အတိုးချပြီးချစ်တော့တာပေါ့ခင်ဗျ။ အတိုးချပြီး ချစ်ပုံကို ကြည့်ပါဦးခင်ဗျာ။ ကိုမိုးကြီးဟာ မိန်းမကို အပေါ်ကနေအားရပါးရဆောင့်လိုက်၊ “ဒါက ဇန်နဝါရီလအတွက်”၊ နောက်တစ်ခါ အားရပါးရဆောင့်လိုက် “ဒါက ဖေဖော်ဝါရီလအတွက်” ဆိုပြီး ပြောပြောပြီးချလာလိုက်တာ တစ်ဖြည်းဖြည်းနဲ့ ဒီဇင်ဘာလအထိရောက်လာတယ်။ ဒီလိုနဲ့ အရှိန်တက်ပြီး လုပ်လာလိုက်တာ နောက်က တရှပ်ရှပ်နဲ့ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ “ လားလား...... သူ့သားငယ်လေးက မျက်လုံးကြီး ပြူးပြီး သေသေချာချာလေ့လာနေတာကိုး ” ဒီတော့မှ လင်မယားနှစ်ယောက်လဲ ကဗျာကသီနဲ့ အလျှိုလျှို လုံချည်နဲ့ ထမိန်ကောက်ဝတ်ကြနဲ့ အတော်လေး ပွဲဆူသွားတယ်ခင်ဗျ။ အဖေလုပ်သူက ဒေါသလဲဖြစ်၊ ရှက်ကလဲ ရှက်နဲ့ သူ့သားကို “ဟေ့ကောင်၊ မင်းဘယ်အချိန်ကတည်းက ရောက်နေတာလဲကွ ” လို့ မေးပြောလေး ပြောလိုက်တော့ သားဖြစ်သူ ပြန်ဖြေလိုက်သံကြောင့် ကိုမိုးကြီးမှာ ထိုင်ငိုရတော့မလိုလို၊ အော်ရယ်ရတော့ မလိုလို၊ ထဘဲပြေးရတော့မလိုလိုဖြစ်သွားပါသတဲ့။

သားဖြစ်သူပြန်ဖြေလိုက်ပုံကတော့ “ အဖေ၊ ကျွန်တော် ဇန်နဝါရီကတည်းက ရောက်နေတာအဖေ ” တဲ့ ခင်ဗျာ။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖